ထန်းတောကျေးရွာ

နန်းခမ်းကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထန်းတောကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ထန်းတောကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
ထန်းတောကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၁
(ခ) သဘာဝအရင်းအမြစ်များ ၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃
(င) ကျန်းမာရေးနှင့် အာဟာရ ၁၃
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၃
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၄
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၄
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၄
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၄
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၅
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၅
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၅
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၅
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး ၁၆
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၁၇
(ဋ္ဌ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၇
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၇
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၉
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၀
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၀
(ဂ) ဦးစားပေး စီမံချက်များ ၂၁
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၃
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၄
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၄
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၅
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၅
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၅
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၆
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၇
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၈

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၂၉
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၀
ရည်ညွှန်းချက်များ ၃၁
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၃ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၆
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ထန်းတောကျေးရွာ
နန်းခမ်းကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

ထန်းတောကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း– ထန်းတောကျေးရွာအရင်းအမြစ်ပြမြေပုံ – ထန်းတောကျေးရွာ၊ နန်းခမ်းကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)


ကျေးရွာနှင့် သယံဇာတပြမြေပုံ
ထန်းတောကျေးရွာ ၊ဝန်းသိုမြို့နယ်
တောင်
မြောက်
အရှေ့
အနောက်
ကျောင်း
ကန်
ကျောင်းသားများ
ကျောင်းဆရာများ
ကျောင်းသားများ
ကျောင်းဆရာများ
ကျောင်း
ကန်
ကျောင်း
ကန်
ကျောင်း
ကန်

| ကြာသပတေး | ဗုဒ္ဓဟူး | အင်္ဂါ | တနင်္လာ | တနင်္ဂနွေ | စနေ | သောကြာ |

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ထန်းတောကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ကောလင်းခရိုင်ဝန်းသိုမြို့နယ်၏အရှေ့မြောက်ဘက် ၂၂မိုင်ခန့်အကွာတွင်တ ည်ရှိပါသည်။နမ်းခမ်း၏၄မိုင်ခန့်အကွာတွင်တည်ရှိပါသည်။နမ်းခမ်းဗန်မောက်လမ်းဘေးတွင်တည်ရှိ ပါသည်။ရွာ၏မြောက်ဘက်တွင်ပန်းညိုရွာနှင့်သက္ကယ်ကျင်းရွာရှိပါသည်။ကျေးရွာပတ်လည်တွင်လယ် ကွင်းများရှိပါသည်။သဘာဝသစ်တောများလည်ဝန်းရံထားပါသည်။

(ခ)သဘာဝအရင်းအမြစ်များ။ ။ကျွန်တော်တို့ထန်းတောရွာ၏မနီးမဝေးတွင်လယ်တောများ ၊ စပါးခင်းများရှိပါသည်။သဘာဝသစ်တောများလည်းရှိသည့်အတွက်ရာသီဥတုသာယာပါသည်။ကျွန် တော်တို့ရွာတွင်ကျောက်ဖျာများအမာခံရှိသည့်အတွက်ရေတွင်းတူးဖော်ရာတွင်ခက်ခဲပါသည်။ကျွန် တော်တို့ရွာအနီး တောင်များတွင် ဆေးဘက်ဝင်အပင်များ အမြောက်အများ ပေါက်ရောက် နေပါသည်။ သဘာဝ တောတွင်းတိရိစ္ဆာန် မျိုးစိတ်များ များစွာတွေ့ရှိရပါသည်။ ကျွဲ၊နွားတိရိစ္ဆာန် စားကျက်များလည်း ပေါများပါသည်။ ကျောက်၊ သဲ၊ ကျောက်စရစ်များ ၊ ချောင်း၊မြောင်းများ သဘာဝတောင်တန်းများ၊ စိမ့်ကြီး မြိုင်ကြီး များ၊ ပုဂ္ဂလိက ရာဘာစိုက်ခင်းများနှင့် အစိုးရ ပိတောက်စိုက်ခင်းများရှိပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြ ပါသည်။ အိမ်ထောင်စု(၂၇)စုရှိပြီး လူဦးရေ စုစုပေါင်း၁၄၇ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅)ဦးရှိပါသည်။ ကျွန်တော်တို့ထန်တောရွာ၏ လူဦးရေမှာ နို့စို့အရွယ်ကျားမ(၈)ဦး။ ၅နှစ်အောက်ကလေးငယ်မှာ ကျား မ(၁၄)ဦး၊ မူလတန်းကျောင်းသားအရွယ် ၁၀နှစ်အောက် ကျာမ(၁၀)ယောက် ၁၅နှစ်မှ ၆၅နှစ် အလုပ်လုပ်နိုင်သည့်အရွယ်မှာ စုစုပေါင်း(၁၀၀)ရှိပါသည်။ စုစုပေါင်း(၁၄၇)ယောက်ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ ကျွန်တော်တို့ထန်းတော ရိုရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏ လယ်ယာစိုက်ပျိုးရေးသည် မိုးရွာမှမိုးရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုကြပြီး တစ်သီးစားလယ်ယာများဖြစ်ကြပါသည်။ မိုးရာသီမှလွဲ၍ နွေနှင့် ဆောင်းရာသီများ တွင် အခြားသီးနှံများ စိုက်ပျိုး၍ အဆင်မပြေပါ။ ကျွန်တော် တို့သည် တောင်ယာများကိုလည်း နှမ်းတစ်မျိုးကိုသာစိုက်ပျိုးကြသည်။ အိမ်ထောင်စု(၂၇) အိမ်ထောင်ရှိပြီး မွေးမြူရေး(၂)အိမ်ထောင်စု ရှိပါသည်။အိမ်သည်ကျန်(၂၅)အိမ်ထောင်စုမှာ ကိုယ်ပိုင်လယ်ယာလုပ်ကိုင်သူများနှင့်ကျပန်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။လယ်ယာလုပ်ကိုင်ရာ တွင်အလုပ်သမားများ ၄ားရမ်းခြင်းအလွန်းနည်းပါးသည်။ အကြောင်းမှာကျွန်တော်တို့ဒေသသည် တောင်တန်းဒေသဖြစ်၍လယ်ယာမြေတွင်တွင်ကျယ်ကျယ်မရှိပါ။ မွေးမြူရေးလုပ်ငန်းများသည် တစ်နိုင်တစ်ပိုင်အဖြစ်မွေးလေ့ရှိပါသည်။ ဥပမာ-ကျွဲ၊နွား၊ ဝက်၊ ကြက်၊ ဘဲ တို့ဖြစ်ပါသည်။

ကျွန်တော်တို့ ထန်းတောကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြသဖြင့် အလွန်ချမ်းသာသော အိမ်ထောင်စုမရှိပါ။ အဆင်ပြေသော အိမ်ထောင်စု ၂ စု အလယ်အလတ် ရှိသော အိမ်ထောင်စု ၉ စု နှင့် မပြေလည်သော အိမ်ထောင်စု ၁၆ စုရှိပါသည်။ကျွန်တော်တို့ကျေးရွာတွင် ပြင်ပသို့ သွားရောက်၍ အလုပ်လုပ်ကိုင်နေသော အိမ်ထောင်စု ၃ စုရှိပါသည်။ ပြည်ပသို့ ပညာတော်သင်သွားရောက်နေသူတစ်ဦးရှိပါသည်။ ပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေသူများသည် အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေရန်အတွက် သွားရောက်ကြရပါသည်။ကျေးရွာမှ ပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေသူများသည် သည် အိမ်ရှိ မိသားစုထံသို့ ငွေလွှဲ ပေးကြရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ ကျွန်တော်တို့ ထန်းတောကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြသဖြင့် အလွန်ချမ်းသာသော အိမ်ထောင်စုမရှိပါ။ အဆင်ပြေသော အိမ်ထောင်စု ၂ စု အလယ်အလတ် ရှိသော အိမ်ထောင်စု ၉ စု နှင့် မပြေလည်သော အိမ်ထောင်စု ၁၆ စုရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ဝမ်းစာဖူလုံမှုမရှိသော အိမ်ထောင်စု ၆ စုရှိပါသည်။ အဆိုပါ အိမ်ထောင်စုများသည် တစ်နှစ်လျှင် ၃ လနှင့် ၆ လကြားသာ ဝမ်းစာဖူလုံမှုရှိပြီး အခြားကာလများတွင် အခြားသူများထံမှ အထောက်အပံ့ယူခြင်း၊ ချေးယူခြင်း၊ လုပ်အားခ ကြိုယူခြင်းဖြင့် ဝမ်းစာကိုဖြေရှင်းကြပါသည်။ကျွန်တော်တို့ကျေးရွာတွင် မိသားစုမရှိသော သက်ကြီးရွယ်အို အမျိုးသမီး (၁)ဦး ရှိပါသည်။ သားလဲမရှိ၊ သမီးလဲမရှိ ၍ ဖြစ်သလိုရှာဖွေစားသောက်နေရပါသည်။ ကျေးရွာမှ ကူညီစောက်ရှောက်သော်လည်း ငွေကြေးအခက်အခဲကြောင့် ပြည့်စုံအောင် မထောက်ပံ့နိုင်ပါ မိသားစု၊ရပ်ရွာများမှ စောက်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်တစ်ဦးမှ မရှိပါ။ မိသားစု ရှိသော်လည်း ငွေကြေးအခက်အခဲကြောင့် ကျန်းမာရေး စောက်ရှောက်မှု အားနည်းနေပါသည်။ ကျွန်တော်တို့ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေတွင် စားနပ်ရိက္ခာ မဖူလုံမှု အနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် မိုးရေခံလယ်များဖြစ်သဖြင့် မိုးရာသီတွင်သာ စိုက်ပျိုးရသောကြောင့် မိုးခေါင်သည့်နှစ်များတွင် စိုက်ပျိုးရေလုံလောက်မှုမရှိပါ။ ကျွန်တော်တို့ကျေးရွာသည် သစ်တော များ၊ တောင်တန်းများကြားတွင် တည်ရှိသောကြောင့် ဆောင်းရာသီတွင် အအေးလွန်ကဲမှု ရှိပါသည်။ အခြားထိ ခိုက်လွယ်မှုများတွင် ၄င်္ဂျား ရောဂါအနည်းငယ် ရှိပါသည်။ကျွန်တော်တို့ကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရသည့် သူများတွင် လက်လုပ် လက်စားများ ကျပန်းလုပ်ကိုင်သူများတွင် အလယ်အလတ်အထိ ရှိပါသည်။ အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ မြေယာမဲ့၊ ဆင်းရဲသားတောင်သူများ၊ မြေနိမ့်ပိုင်း နေထိုင်သူများတွင် ထိခိုက် နိုင်မှုအနည်းငယ်ရှိသော်လည်း အခြား ထိခိုက်နိုင်သူများမရရှိသည်ကို တွေ့ရှိရပါသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ။ ။ကျေးရွာတွင် စာမတတ်သူ အမျိုးသမီး ၁ ဦးရှိပါသည်။ မူလတန်းအဆင့်သာ ကျောင်းနေကြပြီး ကျောင်းထွက်ကြသဖြင့် မူလတန်းအဆင့်မှာ ကျား ၅၄ ဦး မ ၄၈ ဦး စုစုပေါင်း ၁၀၂ ဦးရှိပါသည်။ အလယ်တန်းအဆင့်တွင်နည်းပါးပါသည်။ အထက်တန်းအဆင့် ၃ ဦးရှိပြီး တက္ကသိုလ် / ကောလိပ် အဆင့် ၅ ဦးရှိပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး မူလတန်းကျောင်းတွင် ကျောင်းသား ၇ ယောက် ကျောင်းသူ ၇ ယောက် ပညာသင်ကြားနေပါသည်.။ အထက်တန်းအဆင့်ကိုမူ နမ်းခမ်းသို့ သွားရောက် ပညာသင်ကြားကြရပြီး ကျောင်းသးကျောင်းသူ ၇ ယောက် အလယ်တန်းအဆင့်တွင် ပညာသင်ကြားနေပြီး အထက်တန်းအဆင့်တွင် ပညာသင်ကြားနေသူမရှိသေးပါ။ တက္ကသိုလ်ကောလိပ်အဆင့် တွင်မူ ပညာသင်ကြားနေသူ ၂ ဦးရှိပါသည်။

(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့ထန်းတောရွာတွင် မိုးဦးရာသီအစ၌ ဝမ်းလျှော ရောဂါနှင့် ငှက်ဖျားရောဂါအနည်းငယ် ခံစားရသည်။ ဧပြီလနှင့် မေလများတွင် သွေးလွန်တုတ်ကွေး ရောဂါကို အနည်းငယ်ခံစားရပါသည်။ ဥတုကူးပြောင်းချိန်တွင် အသက်ရှူလမ်းကြောင်းရောဂါများ လည်းဖြစ်ကြပါသည်။ ဥပမာ။ ဓါတ်မတည့်၊ ချောင်းဆိုး၊ နှာစေးနှင့် အခြားရောဂါများဖြစ်ပါသည်။ ကာကွယ်ဆေးထိုးနှံမှုများကို ကျေးရွာနှင့် ၂ မိုင်ခန့်ဝေးသော သက္ကယ်ကျင်း ကျေးလက် ကျန်းမာရေးဌာနမှ ဆရာမ မှ လာရောက် ဆေးထိုးပေးပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ ။ နမ်းခမ်းတွင်မူ တိုက်နယ်ဆေး ရုံတည်ရှိပြီး အခန်းကုတင်မှာမူ လုံလောက်မှုမရှိပါ။ မြို့နယ်ဆေးရုံမှာမှ ကျေးရွာနှင့် မိုင် ၂၀ ကျော်ကွာဝေးပြီး ဝန်းသိုပြည်သူ့ဆေးရုံဖြစ်ပါသည်။ ကျေးရွာ၏ အနီးအနားတွင် ဆေးဆိုင်မရှိပါ။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ကျွန်တော်တို့ကျေးရွာသည် လယ်ယာလုပ်ငန်းကို သာ အဓိကထား လုပ်ကိုင်ကြသဖြင့် နေ့စားလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် လယ်ယာလုပ်ငန်းတွင်သာ အငှားလိုက်ကြရပါသည်။ အဆိုပါ လယ်ယာလုပ်ငန်းတွင် တစ်ရက်လုပ်အခ အမျိုးသားတစ်ဦးလျှင် ကျပ် ၅၀၀၀ ရရှိပြီး အမျိုးသမီး တစ်ဦးလျှင် ကျပ် ၄၀၀၀ ရရှိပါသည်။ အနည်းဆုံး လုပ်အားခအနေဖြင့် အမျိုးသားတစ်ဦးလျှင် အမျိုးသားတစ်ဦးလျှင့် ကျပ် ၄၀၀၀ ရရှိပြီး အမျိုးသမီးတစ်ဦးလျှင် ကျပ် ၃၀၀၀ ရရှိကြပါသည်။ အခြား အလုပ်အကိုင်များရှားပါးပါသည်။ ကျွန်တော်တို့ကျေးရွာရှိ အမျိုးသမီးများသည် ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်နှင့် ခေါင်းဆောင်မှုလုပ်ငန်းများတွင် တက်ကြွစွာပါခြင်းမရှိပါ။ သို့သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် လျှင် အမျိုးသမီးများသည်လည်း အမျိုးသားများတန်းတူ ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။

(၄)ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ။ ။ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ကျွန်တော်တို့ကျေးရွာတွင်ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် ကျောင်းကော်မတီအဖွဲ့၊ အမျိုးသား/အမျိုးသမီးအဖွဲ့၊ ဂေါပကအဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့များရှိပါသည်။ ကျေးရွာ၏ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးများတွင် ကျောင်းကော်မတီမ ဦးစီးဦးဆောင်ပြုခြင်း၊ ဘာသာရေး ပွဲတော်များတွင် ဂေါပကအဖွဲ့မှ ဦးဆောင်ခြင်း၊ သာရေး၊နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင် ရွက်ခြင်း၊ ကျေးရွာ၏ လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် အရန်မီးသတ်တပ်ဖွဲ့မှအသီးသီး ဆောင်ရွက် ကြပါသည်။ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများမရှိကြောင်း တွေ့ရှိရပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေတွင် နွားမွေးမြူသူ ၅ ဦး ကောင်ရေ ၁၁ ကောင် ၊ ကျွဲမွေးမြူသူ ၁၂ ဦး ကောင်ရေ ၃၇ ကောင်ရှိပြီး ကျွဲနှင့် နွားများကို လယ်ယာလုပ်ငန်းတွင် အသုံး ပြုရန်အတွက် မွေးမြူကြပါသည်။ အခြားမွေးမြူရေးအနေဖြင့် ဝက်၊ ကြက် နှင့် ငါးများကို မွေးမြူကြပြီး ဝက်နှင့်ငါးကိုတော့ စီးပွားဖြစ်မွေးမြူကြပါသည်။မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ကျွဲ၊ နွားများ မွေးမြူရန် အတွက် စားကျက်မြေအသင့်အတင့်ရရှိနိုင်ပြီး ရေအသင့်အတင့်ရရှိနိုင်ပါသည်။ စီးပွားဖြစ်မွေးမြူရအောင် လောက်သည်အထိတော့ မပေါများပေ။ မျိုးကောင်းတိရစ္ဆာန်များအား အသင့်အတင့် ဝယ်ယူရရှိနိုင်သော်လည်း စီးပွားဖြစ်မွေးမြူရန် ချေးငွေမရရှိပါ။ ဝက်မွေးမြူရေးအတွက် အစား၊ ဆေးစသည်တို့ကို နမ်းခမ်းတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ မွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှု တိုးတက်ရန်အတွက် ပြဿနာနှင့် အခက်အခဲ စိန်ခေါ်မှုများ မှာ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ချေးငွေမရှိခြင်း၊ တောသူ တောင်သားများ ဖြစ်ကြသဖြင့် မွေးမြူရေးလုပ်ငန်းဖြင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် အမြော်အမြင်မရှိခြင်း၊ မွေးမြူရေး လုပ်ငန်းဆောင်ရွက်ရာတွင် နည်းပညာများ အလွယ်တကူမရရှိနိုင်ခြင်း စသည့် အချက်များဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျွန်တော် တို့ ကျေးရွာတွင် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းမဟုတ်သော အခြားလုပ်ငန်း များဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများမှာ လယ်ယာမြေမရှိသဖြင့် ကျပန်းလုပ်ကိုင် သူများသာရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အလုပ်အကိုင် အတွက် ပြဿနာနှင့် အခက် အခဲများမျှာ ကျေးရွာတွင် လုပ်သား ရှားပါးခြင်း၊ အခြားစီးပွားရေးဆောင်ရွက်ရန် အခွင့်အလမ်းနည်းပါးခြင်း ဖြစ်ပါသည်။

(ဃ) ရွှေပြောင်းလုပ်သားများ။ ။ကျွန်တော်တို့ကျေးရွာတွင် ပြင်ပသို့ သွားရောက်၍ အလုပ်လုပ်ကိုင်နေသော အိမ်ထောင်စု ၃ စုရှိပါသည်။ ပြည်ပသို့ ပညာတော်သင်သွား ရောက်နေသူတစ်ဦးရှိပါသည်။ ပြင်ပသို့ သွားရောက်အလုပ် လုပ်ကိုင်နေသူ များသည်

အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေရန်အတွက် သွားရောက်ကြရပါသည်။ကျေးရွာမှ ပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေသူများသည် သည် အိမ်ရှိ မိသားစုထံသို့ ငွေလွှဲ ပေးကြရပါသည်။

(c) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။ ကျွန်တော်တို့ ထန်းတော ကျေးရွာသည် အနီးဆုံးဈေးကွက်အနေဖြင့် နမ်းခမ်း ကျေးရွာသို့ သွားရောက်ကြရပြီး ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ်များဖြင့် သွားလာကြရပါသည်။ အကြီးဆုံးဈေးကွက်မှာ မိုင် ၂၀ ကျော်ဝေးသည့် ဝန်းသိုမြို့မဈေးသို့ သွားရောက်ကြရပြီး ဆိုင်ကယ်၊ ကား၊ ရထား၊တို့ဖြင့် သွားလာကြပါသည်။ နမ်းခမ်းဈေးမှာ အခြေခံဈေးအဆောက်အဦး များ ကောင်းမွန်ခြင်းမရှိဘဲ ဝန်းသိုမြို့မဈေးမှာ ဈေးအခြေခံ အဆောက်အဦ ကောင်းမွန်ပါသည်။ ဈေးများတွင် ပစ္စည်းစုံ ဝန်ဆောင်မှု အစုံ ရရှိနိုင်ပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျေးရွာတောင်သူလယ်သမားများကို အစိုးရ (မြန်မာ့စီးပွားရေးဘဏ်)မှ ချေးငွေရရှိပါသည်။ ဥလမှ ဖြလအတွင်းကာလကိုဆပ်ရမည် ဆိုသော်လည်းတောင်သူများ၏ အခက်အခဲကြောင့် နောက်ကျမှဆပ်နိုင်ကြပါသည်။ မြန်မာ့စီးပွားရေးဘဏ် အတိုးနှုန်းမှာ (၂%)သာဖြစ်ပါသည်။ လယ်ဂရန်များကို အပေါင်ခံ ပစ္စည်းအဖြစ်ယူဆောင်သွားရသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျွန်တော်တို့ ထန်းတော ကျေးရွာအနီးတစ်ဝိုက်တွင် ရှေ့အနည်းငယ် ရရှိနိုင် သော်လည်း အသုံးပြုရန် ခက်ခဲပါသည်။ ကျေးရွာအနီးတွင် ကျောက် ၊ သဲ ၊ ကျောက်စရစ်များ အများအပြား တွေ့ရှိနိုင်ပြီး အလွယ်တကူ အသုံးပြုနိုင်ပါသည်။ သဘာဝ အပင်မျိုးစိတ်များဖြစ်သည့် ဝံအူပင်၊ ဆီချေးနွယ်၊ တပင်နိုင်နန်း၊ အခြား ဆေးဖက်ဝင် အပင်များ အများအပြား တွေ့ရှိနိုင်ပြီး အသုံးပြုရန် လွယ်ကူပါသည်။ ကျေးရွာ ပတ်ဝန်ကျင်တွင် သစ်တောများ ရှိသဖြင့် တိရစ္ဆာန်မျိုးစိတ်အချို့ကို တွေ့ရှိနိုင်ပါသည်။ ကျွန်တော်တို့ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေတွင် စားနပ်ရိက္ခာ မဖူလုံမှု အနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် မိုးရေခံလယ်များဖြစ်သဖြင့် မိုးရာသီတွင်သာ စိုက်ပျိုးရ သောကြောင့် မိုးခေါင်သည့်နှစ်များတွင် စိုက်ပျိုးရေလုံလောက်မှုမရှိပါ။ ကျွန်တော်တို့ကျေးရွာသည် သစ်တော များ၊ တောင်တန်းများကြားတွင် တည်ရှိသောကြောင့် ဆောင်းရာသီတွင် အအေးလွန်ကဲမှု ရှိပါသည်။ အခြားထိ ခိုက်လွယ်မှုများတွင် ငှက်ဖျား ရောဂါအနည်းငယ် ရှိပါသည်။မြေဆီမြေဩဇာအခြေအနေမှာ ညံ့ဖျင်းပြီး အန္တရာယ်အနည်းငယ်ရှိပါသည်။ အပင် မျိုးစိတ်များ၊ ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု နှင့် ရေအရင်းအမြစ်တွင်လည်း အခက်အခဲရှိပါသည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျွန်တော်တို့ ထန်းတောကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ၂ ဧကခန့်ကျယ်ဝန်း ပါသည်။ ကျောင်းတွင်းရှိ ကျောင်းအိမ်သာအခြေအနေများများ အသင့်အတင့်ကောင်းမွန်ပြီး ကျောင်းတွင်း အဟာရ တိုက်ကျွေးမှု တစ်ခါတစ်ရံရှိတတ်ပါသည်။ ကျွန်တော်တို့ကျေးရွာသည် မူလတန်းကျောင်း

ရှိသော်လည်း အိမ်ခြေနည်းပါးသဖြင့် ကျောင်းနေအရွယ်ကလေးငယ်နည်းပါးပါသည်။ သို့သော်လည်း မူလတန်း အတန်စုံတွင် ကျောင်းသားများ ရှိသဖြင့် ကျောင်းဆရာ ဆရာမ ၂ ယောက်သာရှိသဖြင့် အတန်းစုံကိုတာဝန်မျှယူနေရသဖြင့် ဆရာ/ဆရာမ လုံလောက်မှုမရှိပါ ။ ကျောင်သုံးစာအုပ် ကိရိယာများ လုံလောက်မှုရှိသော်လည်း အားကစားဆိုင်ရာ ပစ္စည်းများ မရှိပါ။

ကျေးရွာတွင် မိုးဦးရာသီစ၌ ဂမ်းလျောရောဂါနှင့် ငှက် ဖျားရောဂါအနည်းငယ်စီခံစားရသည်။ ဧပြီ၊မေလများတွင် သွေးလွန် တုတ်ကွေးရောဂါကို အနည်းငယ်ခံစားရပါသည်။ ဥတုကူးပြောင်း ချိန်တွင် အသက်ရှူလမ်းကြောင်းရောဂါများ လည်းဖြစ်ကြပါသည်။ ကာကွယ်ဆေးထိုးနှံမှုများကို ကျေးရွာနှင့် ၂ မိုင်ခန့်ဝေးသော သက္ကယ်ကျင်း ကျေးလက် ကျန်းမာရေးဌာနမှ ဆရာမ မှ လာရောက် ဆေးထိုးပေးပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ ။ နမ်းခမ်းတွင်မူ တိုက်နယ်ဆေး ရုံတည်ရှိပြီး အခန်းကုတင်မှာမူ လုံလောက်မှုမရှိပါ။ မြို့နယ်ဆေးရုံမှာမူ ကျေးရွာနှင့် မိုင် ၂၀ ကျော်ကွာဝေးပြီး ဝန်းသိုပြည်သူဆေးရုံဖြစ်ပါသည်။ ကျေးရွာ၏ အနီးအနားတွင် ဆေးဆိုင်မရှိပါ။

ကျေးရွာသည် သောက်သုံးရေအခြေအနေမှာ စိမ့်စမ်းရေကိုသာ အဓိကထား အသုံးပြုကြပြီး မိုးရာသီနှင့် ဆောင်းရာသီတွင်သာ လုံလောက်မှုရှိပြီး နွေရာသီတွင် အနည်းငယ်ခမ်းခြောက်ပါသည်။ အခြားသုံးစွဲမှုအနေဖြင့် တုံကင်တွင်း ၃ တွင်းရှိပါသည်။

ကျွန်တော်တို့ ထန်တောကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် ရေလောင်း / ယင်လုံ အိမ်သာကိုသာ အသုံးပြုကြပါသည်။

(စျ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့ကျေးရွာ၏ လမ်းများနှင့် ကျေးရွာခြင်းဆက် သွားလာသောလမ်းများသည် မြေသားလမ်းများဖြစ်၍ မိုးရာသီ၌ ရွာထဲလမ်းများနှင့် မိန်းလမ်းမကြီးသည် လူများ၊ဆိုင်ကယ်များသွားလာရာတွင် အလွန်ခက်ခဲလျှက်ရှိပါသည်။ ရွာ၏ချည်းကပ်လမ်းများနှင့် မိန်လမ်းမကြီးများရှိ ရေကျော်များ သည်မိုးများလျှင်ရေအလွန်များသောကြောင့် အရေးပေါ်သွားလာသူများ အလွန်အမင်း ဒုက္ခရောက်လျှက်ရှိပါသည်။ ပွင့်လင်းရာသီရောက်လျှင် လည်း မိုးများထားသောကြောင့် ရေတိုက်စားခြင်း ၊ချိုင့်ခွက်များ ရှိကာ တစ်ရွာမှတစ်ရွာကို သွားလာရာတွင် ကြံ့ကြာမှုရှိပါသည်။ ကျွန်တော်တော်တို့ကျေးရွာတွင် တည်ဆောက်ထားသော တံတားများမရှိပါ။

ကျွန်တော်တို့ကျေးရွာသည် မဟာဓါတ်အားလိုင်းလျှပ်စစ်မီး မရရှိသေးပါ။ ညအခါ တွင် အလင်းရောင်ရရှိရန်အတွက် ဆိုလာမီးကိုသာ အသုံးပြုကြရပါသည်။ ဆိုလာမီးသည် ၂၄နာရီ အသုံးပြု၍ မရပါ၊ ဘတ္ထရီများပျက်ခြင်း ၊ ဆိုလာပြားများပျက်ခြင်း၊ မိုးအုံ့သည့်နေ့များတွင် နေရောင်ခြည် လုံလောက်စွာ မသိုလှောင်နိုင်ခြင်းတို့ကြောင့် မီးမရရှိခြင်းများကြုံတွေ့ကြရပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ဖုန်း ၂၉ လုံးရှိပြီး သတင်းအချက်အလက်များကို ကြည့်ရှုရန်အတွက် ရေဒီယို ၁ လုံး၊ တီဗွီ ၅ လုံးနှင့် ဂြိုလ်တုစလောင်း ၅ လုံးရှိပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့ ထန်းတောကျေးရွာတွင် လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲ များနှင့် စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည် တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်းများ မရှိပါ။ ကျေးရွာ လူငယ်များအနေဖြင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု၊ ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုတွင် အသင့်အတင့်ရှိပါသည်။ ကျေးရွာ၏ ကျန်းမာရေးအတွက် အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာ နှင့် အထောက်အကူပြုပစ္စည်းများအလွန်နည်းပါး ပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ရှေးဟောင်း အမွေအနှစ်များ မရှိသဖြင့် ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှုတွင် လူငယ်များအနေဖြင့် အလွန်နည်းပါးသည် ကို တွေ့ရပါသည်။

(ဋ္ဌ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ကျွန်တော်တို့ကျေးရွာ၏ လုံခြုံရေး အခြေအနေမှာအသင့်တင့် သာ ရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူ ပြု အဆောက်အဦးများမရှိပါ။အခြား အာမခံလုပ်ငန်းများ ၏ ဝန်ဆောင်မှုပေးခြင်း လူထုအခြေပြု သဘာဝဘေး အန္တရာယ်လျှော့ချရေး အစီအစဉ်များ မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာ၏ မှုခင်းဖြစ်ပွားမှု အခြေအနေတွင် ခိုးမှုနှင့် မူးယစ်ဆေးသုံးစွဲမှု သာမန်အခြေအနေလောက်ဖြစ်ပွားတတ်သော်လည်း လူကုန်ကူးမှုနှင့် အကြမ်းဖက်မှုများ မရှိပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့် အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် တောင်ကျချောင်းရေများရှိသော်လည်း ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရ သော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်

အလမ်းရှိသော် လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ စျေးကွက် နှင့် လျှပ်စစ်မီးများ လက်လှမ်းမမီကြပါ။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ထွက်ကုန်များ အချိန်မှီ စျေးကွက်သို့ မတင်ပို့နိုင်ကြခြင်းသည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ စျေးရောင်းရသူများ အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျှော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) ကျေးရွာ၏ လမ်းများ / ကျေးရွာတွင်းလမ်းများ/ ကျေးရွာ သောက်သုံးရေလုံလောက်စွာ ရရှိလာစေရမည်။

က၊၂) ကျေးရွာ၏ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေအတွက် ရေအရင်းအမြစ်ရရှိစေရန် စိုက်ပျိုးရေး လုံလောက်စွာရရှိပြီး စိုက်ပျိုးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရမည်။

က၊၃) ကျေးရွာတွင် မဟာဓါတ်အားလိုင်း ရရှိ၍ ကျေးရွာ၏ လူနေမှုစီးပွားဘဝပိုမို မြင့်မားလာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏ အခြေခံအဆောက်အဦများဖြစ်သည့် ကျေးရွာတွင်းလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာတွင် သောက်သုံးရေ ဖူလုံမှုရရှိစေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၂) ကျေးရွာ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးရွာအတွက် စိုက်ပျိုးရေးလုံလောက်စွာ ရရှိရန်အတွက် ရေအရင်းအမြစ်နှင့် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၃) ကျေးရွာ၏ လူနေမှု စီးပွားဘဝ မြင့်မာလာရေးအတွက် ကျေးရွာတွင် ၂၄ နာရီ မဟာဓါတ်အားလိုင်းစနစ်ရရှိစေရန် မြို့နယ်လျှပ်စစ်နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရ မှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အဆောက်အဦ	၁။ ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း	၄၀	၂		
	၂။ ကျေးရွာချင်းဆက်လမ်းကျင်းခင်းခြင်း		၅		
	၃။ စက်ရေတွင်းတူးဖော်ခြင်း၊ ရေလှောင် ကန်တည်ဆောက်ခြင်း၊ အိမ်တိုင် ရာရောက်ပိုက်လိုင်းသွယ်တန်းခြင်း		၆		
	၄။ ကျေးရွာတွင်း တံတားများ တည်ဆောက် ခြင်း		၄		
၂။ စိုက်ပျိုးရေး	၅။ စိုက်ပျိုးရေ ရရှိရန် မြေသားရေကန် တူးဖော်ခြင်း	၉၀	၁		
	၆။ စိုက်ပျိုးရေး ပညာပေးသင်တန်းများ တက်ရောက်ခြင်း		၇		
၃။ လျှပ်စစ်	၂၀။ လျှပ်စစ်မီးရရှိရေးနှင့် ထရန်စဖော်မာ တည်ဆောင်ခြင်း	၁၃	၃		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင်ဆောင်ရွက်ခြင်း • ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း • ရွာချင်းဆက်လမ်း ကျင်းခင်းခြင်း • တံတားတည်ဆောက်ခြင်း	၂ ၅ ၄	✓	✓	✓	✓	✓
၂	စက်ရေတွင်းတူးဖော်ခြင်း၊ ရေလှောင်ကန်တည်ဆောက်ခြင်း၊ အိမ်တိုင်ရာရောက်ပိုက်လိုင်းသွယ်တန်းခြင်း	၆		✓	✓		
၃	လျှပ်စစ်မီးရရှိရေးနှင့် ထရန်စဖော်မာတည်ဆောက်ခြင်း	၃	✓				
၄	စိုက်ပျိုးရေ ရရှိရန် ဆောင်ရွက်ခြင်း • မြေသားရေကန်တူးဖော်ခြင်း • စိုက်ပျိုးရေးနည်းပညာသင်တန်းများဖွင့်လှစ်ပို့ချခြင်း	၁ ၇		✓	✓		

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင် ဆောင်ရွက်ခြင်း • ရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်း • ရွာချင်းဆက်လမ်း ဂျင်းခင်းခြင်း • တံတားတည်ဆောက်ခြင်း			✓		
၂	စက်ရေတွင်းတူးဖော်ခြင်း၊ ရေလှောင်ကန်တည် ဆောက်ခြင်း၊ အိမ်တိုင် ရာရောက် ပိုက်လိုင်း သွယ်တန်းခြင်း			✓		
၃	လျှပ်စစ်မီးရရှိရေးနှင့် ထရန်စဖော်မာ တည်ဆောက်ခြင်း					
၄	စိုက်ပျိုးရေ ရရှိရန် ဆောင်ရွက်ခြင်း • မြေသားရေကန်တူး ဖော်ခြင်း • စိုက်ပျိုးရေးနည်းပညာသင် တန်းများ ဖွင့်လှစ်ပို့ချခြင်း			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင် အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ

ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြ ထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ

ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်း ကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့ အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်း စသည်ဖြင့် ဆောင် ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲ ဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စု များ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

